

# ငလျင်ဘေးကြောင့်ထိခိုက်ဆုံးရှုံးမှုအခြေအနေ ကနဦး အစီရင်ခံစာ (အမှတ်စဉ်-၁)


## ၂၀၂၅ခုနှစ်၊မတ်လ၂၉ရက်

## ဖြစ်စဉ်အကျဉ်းချုပ်

၂၀၂၅ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ မြန်မာစံတော်ချိန်၊ မွန်းလွဲ ၁၂ နာရီ ၅၀ မိနစ် ဝန်းကျင်တွင် မြန်မာနိုင်ငံပြည်တွင်း၊ စစ်ကိုင်းမြို့အနီးကို ဗဟိုပြု၍ ၇.၇ ပမာဏရှိ အင်အားအလွန်ပြင်းသည့် ငလျင်တစ်ခု လှုပ်ခတ်ခဲ့ပါသည်။အဆိုပါငလျင်နှင့်ဆက်စပ်၍ စစ်ကိုင်းပြတ်ရွေ့တလျောက်နှင့် အနီးအနားဒေသများတွင် ၂၉ရက်နေ့၊ နံနက် ၉နာရီ အချိန်အထိ ရစ်ချ်တာစကေး ၄ နှင့် အထက်ရှိသည့် နောက်ဆက်တွဲငလျင်ငယ် စုစုပေါင်း ၁၃ ခု ထပ်မံလှုပ်ခတ်ခဲ့သည်။ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းနှင့် နေပြည်တော်တို့တွင် ငလျင်ကြောင့် ထိခိုက်ဆုံးရှုံးမှု အများဆုံးကြုံတွေ့ရပါသည်။ ငလျင်ကြောင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိပြီး အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု၊ အပျက်အဆီးရှင်းလင်းခြင်း၊ လျှပ်စစ်မီးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် စိန်ခေါ်မှုများ ကြုံတွေ့နေရသည်။ နေပြည်တော်နှင့် တံတားဦးလေဆိပ်များတွင် ထိခိုက်ပျက်ဆီးမှုများကြောင့် ခေတ္တပိတ်ထားရသည်။








## ငလျင်ဘေးသက်ရောက်မှု



၄၆၉+ ဦး ၂၂၃+ ဦး ၁၈၂၂+ဦး ၃၀+ ခန့် ၂၉၇၀+ ခန့် ၇+ ခန့် ၅+ ခန့် ၉၅ ခန့် ၅၀+ ခန့်

## စိန်ခေါ်မှုများနှင့် အရေးပေါ်လိုအပ်ချက်များ

ငလျင်လှုပ်ချိန်အတွင်း ပျောက်ဆုံးပိတ်မိနေသူများကို အချိန်မီ ကယ်ဆယ် ပေးနိုင်ရန် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ပစ္စည်းကိရိယာများ လုံလောက်မှု မရှိခြင်း၊ ထိခိုက်ဒဏ်ရာရသူ အများအပြားရှိခြင်းကြောင့် ဆေးရုံဆေးခန်းများတွင် အရေးပေါ် ဆေးကုသပေးရန် အခက်အခဲများရှိခြင်း၊ ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ မလုံလောက်ခြင်း၊ အရေးပေါ်တုံ့ပြန်ရေးဆောင်ရွက်နေရသည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအတွက် မနိုင်ဝန်ကိုထမ်းရခြင်း၊ နောက်ဆက်တွဲငလျင်များကြောင့် ဒေသခံပြည်သူလူထုမှာ စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ်ခြင်း၊ ငလျင်နောက်ဆက်တွဲ မီးငြိမ်းသတ်ရေးအတွက် အခက်အခဲများရှိခြင်းကြောင့် မလိုလားအပ်ဘဲဆုံးရှုံးမှုများ ပိုများခဲ့ခြင်း၊ စစ်တပ် လက်အောက်ခံ ဌာနဆိုင်ရာအဖွဲ့အစည်းများက ပြည်သူလူထုကို အသိပညာပေးမှုအားနည်းခြင်း၊ ဆည်များ၏ကြံ့ခိုင်မှုနှင့် ဘေးကင်းစိတ်ချရမှုများကို အများပြည်သူသိရှိအောင် ထုတ်ပြန်ပေးရန်လိုအပ်ခြင်း။

ရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာနှင့် အပျက်အစီးများ ရှင်းလင်းဖယ်ရှားနိုင်ရန် ယာဉ်ယန္တရားများ၊ ဆေးဝါးနှင့် အသင့်စား အစား အသောက်များ၊ ဆိုလာမီးအိမ်များ၊ မိုးကာတဲများ၊ မီးသတ်ဆေးဘူးများ၊ မိသားစုသုံး လူသုံးကုန်ပစ္စည်းများ၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်းများ၊ နေအိမ်နှင့် အခြေခံအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် နည်းပညာနှင့် ရန်ပုံငွေများ လိုအပ်လျက်ရှိသည်။ နိုင်ငံတကာမှ ငလျင်ဘေးကူညီ ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ခြင်းနှင့် လူသားချင်းစာနာမှု အကူအညီများပေးအပ်ရန် ကတိကဝတ်ပြုခြင်းအတွက် များစွာ ကျေးဇူးတင်ပြီး အဆိုပါအကူအညီများကို ထိခိုက်ခံစားရသူများအားလုံး သာတူညီမျှ ရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးရန် တိုက်တွန်းပါသည်။ ငလျင်ဘေးကူညီ ကယ်ဆယ်ရေးအတွက် ပါဝင်ဆောင်ရွက်ပေးကြသည့် အဖွဲ့အစည်း အသီးသီးကိုလည်း အသိအမှတ်ပြု ကျေးဇူးတင်အပ်ပါသည်။



For more information:
mohadm@nugmyanmar.org